# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 16, 2020 Volume 36, Number 12


**၁၆.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၆ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၁၉/- ကျပ် |
| CBM Rate | = ၁၂၉၆.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၈.၃ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၄.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၇၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၈.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇. ၆၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၂.၅၀ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၁.၆၀၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## MSME လုပ်ငန်းများအတွက် လုပ်ငန်းခွင်အတွင်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်း Online မှ ဖွင့်လှစ်မည်



MSME လုပ်ငန်းများအတွက် လုပ်ငန်းခွင်အတွင်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းကို Online မှ ဖွင့်လှစ်မည်ဖြစ်ကြောင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှသိရသည်။ အဆိုပါသင်တန်းတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(ILO)က ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း မိမိလုပ်ငန်းခွင်၌ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအစဉ်များ၊ တွေ့ကြုံရမည့်လုပ်ငန်းခွင် ထိခိုက်နိုင်ခြေများ၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း အကောင်အထည်ဖော်နိုင်မည့် MSME အစီအမံများကို သင်ကြားပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးကပြောသည်။

ထို့ပြင် သင်တန်းတွင် လေ့လာမှုအတွက်သာမက COVID-19 ရောဂါနှင့်ပတ်သက်သည့် ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်များကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ အုပ်စုလိုက်လုပ်ဆောင်ခြင်းတို့ ပါဝင်မည်ဖြစ်ပြီး တက်ရောက်မည့်သင်တန်းသားဦးရေကန့်သတ်ထားကာ သင်တန်းကြေးအခမဲ့ဖြစ်ကြောင်းသိရသည်။

ယင်းသင်တန်းကာလမှာ အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိဖြစ်ပြီး သင်တန်းပြီးမြောက်ပါက ILO နှင့် MSME ဌာနအသိအမှတ်ပြု Electronic-Certificate ပေးအပ်မည်ဖြစ်သည်။ သင်တန်းပြီးပါက ဘေးကင်းလုံခြုံသည့် MSME လုပ်ငန်းခွင်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး လုံခြုံစိတ်ချသည့် လုပ်ငန်းခွင်ဖန်တီးခြင်းဖြင့်

လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ကာ မိမိဖောက်သည်နှင့်ဝန်ထမ်းများ၏ယုံကြည်မှုကို ရရှိစေမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/3053

## မြို့နယ်လေးခုတွင် တောင်သူဈေးကား အစီအစဉ်ပြန်လည်စတင်မည်




ရန်ကုန်ရှိ မြို့နယ်လေးခု၌ တောင်သူဈေးကား အစီအစဉ်ပြန်လည်စတင်မည်ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) က ကြေညာသည်။

တောင်ဒဂုံ၊ လှိုင်သာယာ၊ တောင်ဥက္ကလာပနှင့် သင်္ဃန်းကျွန်း မြို့နယ် များမှ လွှတ်တော်အမတ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ပူးပေါင်းကူညီမှုနှင့် ရန်ကုန်တိုင်းကုန်စည်စီးဆင်းမှုကော်မတီ၏ တိုက်တွန်း ချက် အရ တောင်သူဈေးကားပြန်ထွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း MFVP အလုပ်အမှုဆောင် ဦးဇော်မင်းကပြောသည်။ ''နောက် တစ်ရက်၊ နှစ်ရက်ဆို ရှမ်းပြည်နယ်ကဆင်းလာမယ့် ကုန်စည်တွေနဲ့ဆို တော်တော်လေးစုံပြီ။ အခု လက်ရှိဈေးကားတွေကို ရောင်းမယ်။ မြို့နယ်တွေရဲ့ ဘယ်နေရာမှာထားရင် အဆင်ပြေနိုင်မလဲဆိုတာ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းနေပါတယ်'' ဟု ဦးဇော်မင်းက ပြောသည်။

ရှမ်းပြည်နယ် နောင်တယာ၊ ပင်လောင်းမှ တောင်သူများနှင့် ရန်ကုန်တိုင်းမှ မှော်ဘီ၊ တိုက်ကြီး၊ မင်္ဂလာဒုံမှ တောင်သူများ၏ ခရမ်းချဉ်၊ အာလူး၊ ငရုတ်သီး၊ ဂေါ်ဖီထုပ်၊ ဂေါ်ရခါးသီး၊ ပင်းတယ ကြက်သွန်နီ၊ ချဉ်ပေါင်၊ ကန်စွန်း၊ ကင်ပွန်း၊ ဘုံလုံ၊ ဗူး၊ ဖရုံ၊ ဆူးပုပ်၊ ဟင်းနုနယ်၊ ဝေွးတောက်၊ မုန်ညင်း၊ ခဝဲ၊ ခရမ်းနှင့် မုန်လာ အစရှိသည့် ဟင်းရွက်စုံကို လတ်တလော အဓိကထား ရောင်းချမည်ဟု MFVP က အသိပေးသည်။ တောင်သူဈေးကား ရောင်းချမည့်ပုံစံမှာ သက်ဆိုင်ရာမြို့နယ်က သတ်မှတ ်ပေးထားသည့် နေရာများတွင် ရပ်ထားပြီး ရောင်းသူဝယ်သူ ထိတွေ့မှုမရှိရန် စီမံထားကာ ခြောက်ပေခွာ တန်းစီဝယ်ယူရမည်ဖြစ်သည်။ ၅၀၀ ကျပ်တန်၊ ၁,၀၀၀ ကျပ်တန်ကုန်များ အသင့်တွဲစပ် ထုပ်ပိုးပေးထားပြီး ဈေးနှုန်းများ ထင်သာအောင် ရေးသား ဖော်ပြထားကာ ငွေကို ပုံးထဲတွင်ထည့်ရမည်ဖြစ်သည်။

တစ်နေ့တာကုန်စည်များကို အပြီးရောင်းချရန် သတ်မှတ်ထားပြီး လက်ကျန်များကို သိုလှောင်ရုံ ပြန်သယ်မည်မဟုတ်ဘဲ မြို့စွန်ရပ်ကွက်များရှိ လိုအပ်သောအိမ်ထောင်စုများကို လျှော့ဈေးဖြင့် (သို့မဟုတ်) တောင်သူများဆန္ဒနှင့် အလှူရှင်ရှိပါက လှူဒါန်းခြင်းများ ပြုလုပ်ရန် စီစဉ်ထားကြောင်း MFVP အတွင်းရေးမှူးဦးကျော်သူက ပြောသည်။ ပြီးခဲ့သည့်ဇူလိုင်က ရန်ကုန်ရှိ လမ်းမတော်၊ လသာ၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ အလုံ၊ တောင်ဥက္ကလာပ၊ တောင်ဒဂုံ၊ သာကေတနှင့် လှိုင်မြို့နယ်တွင် စတင်ခဲ့သည့် တောင်သူဈေးကား အစီအစဉ်ကို COVID- 19 ရောဂါ တွေ့ရှိမှုနှုန်းမြင့်တက်မှုကြောင့် စက်တင်ဘာတွင် ခေတ္တရပ်နားခဲ့သည်။

**Source: https://7day.news/detail?id=202178**

## ရန်ကုန်မြို့သစ်စီမံကိန်းအတွက် တရုတ်ကုမ္ပဏီနှင့် ယှဉ်ပြိုင်တင်ဒါသွင်းမည့် ကုမ္ပဏီများကိုဖိတ်ခေါ်

ရန်ကုန်မြို့သစ်စီမံကိန်းကို တရုတ် CCCC ကုမ္ပဏီနှင့် ယှဉ်ပြိုင်တင်ဒါတင်သွင်းရန် စိတ်ဝင်စားသည့် ကုမ္ပဏီများကို ဆွစ်ယှဉ်ပြိုင်တင်ဒါ (Swiss Challenge) ကော်မတီက အောက်တိုဘာ ၁၅ ရက်တွင် ဖိတ်ခေါ်လိုက်သည်။ အဆိုပါ စိတ်ဝင်စားမှုဖော်ပြလွှာသည် ပထမအဆင့်ဖြစ်ပြီး စိတ်ဝင်စားသည့် ကုမ္ပဏီများ သည် အောက်တိုဘာ ၂၂ ရက်တွင် တင်သွင်းရမည်ဖြစ်သည်။ လက်ရှိအစိုးရသက်တမ်းတစ်လျှောက် ညှိနှိုင်းပြီးနောက် ရန်ကုန်မြို့သစ်စီမံကိန်းကိုရှေ့ဆက်ရန် ပထမအဆင့်ကို မြန်မာအစိုးရကဆောင်ရွက်ခြင်းဖြစ်သည်။ ကော်မတီကထုတ်ပြန်ချက်အရ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံနှင့် စက်မှုဇုန်အတွက် အဆိုပြုလွှာတင်သွင်းမှုကို မြန်မာအစိုးရက လက်ခံရရှိခဲ့ပြီး ထိုတင်ဒါကို ယှဉ်ပြိုင်တင်ဒါ

တင်သွင်းလိုသည့် ကုမ္ပဏီများကိုဖိတ်ခေါ်ခြင်းဖြစ်သည်။ ရန်ကုန်မြို့သစ်၏ စက်မှုဇုန်နှင့်အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် တရုတ် CCCC ကုမ္ပဏီ၏ ဆွစ်ယှဉ် ပြိုင်တင်ဒါ (Swiss Challenge) တင်သွင်းမှုကိုကြီးကြပ်ရန် ဂျာမနီအခြေစိုက် Roland Berger ကုမ္ပဏီကို အကြံပေးအဖြစ် မြန်မာအစိုးရက ပြီးခဲ့သည့်စက်တင်ဘာတွင် ငှားရမ်းခဲ့သည်။

ဆွစ်ယှဉ်ပြိုင်တင်ဒါဆိုသည်မှာ ကုမ္ပဏီတစ်ခုက မိမိလုပ်ကိုင်လိုသည့် စီမံကိန်းတစ်ခုကို အစ၊ အဆုံး အကုန်ကျခံ လေ့လာစစ်တမ်းပြုလုပ်၍ စီမံကိန်းပုံစံ ထုတ်ပေးရမည်ဖြစ်ပြီး စီမံကိန်းပုံစံထွက်လာပါက အခြားကုမ္ပဏီများနှင့်အတူ ဈေးပြိုင်တင်ဒါဝင်ပြိုင်ရမည်ဖြစ်သည်။ အကယ်၍ ၎င်းက တင်ဒါမအောင်မြင်ပါက တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စီမံကိန်းပုံစံထုတ်လုပ်ခဲ့သည့် မူလကုမ္ပဏီကို ကုန်ကျစရိတ် ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်တွင်ပါဝင်သည့် လုပ်ငန်းစီမံကိန်းများအနက် စက်မှုဇုန်နှင့်အခြေခံအဆောက်အအုံများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရဘက်ကစီစဉ်ခြင်းဖြစ်သည်။ ရန်ကုန်မြို့သစ်စီမံကိန်းကို ယခင်အစိုးရလက်ထက်တွင် စတင်ခဲ့သည့်မြေနေရာရှိ မြေဧက ၂၀,၀၀၀ တွင် ပထမအဆင့် စတင်အကောင်အထည်ဖော်မည်ဟု ရန်ကုန်တိုင်းအစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။

**Source: https://7day.news/detail?id=202176**

## သုံးနှစ်တာကာလအတွင်း ပဲစင်းငုံဈေး အမြင့်ဆုံးသို့ရောက်ရှိနေပြီး တရုတ်ဝယ်လက်ကြောင့် ထောပတ်ပဲနှင့်ပဲဇီးကွက်မှာလည်း ကျပ်တစ်သောင်းကျော်မြင့်တက်



သုံးနှစ်တာကာလအတွင်း ပဲစင်းငုံဈေး အမြင့်ဆုံးသို့ရောက်ရှိနေပြီး တရုတ်ဝယ်လက်ကြောင့် ထောပတ်ပဲနှင့်ပဲဇီးကွက်မှာလည်း ကျပ်တစ်သောင်းကျော် မြင့်တက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။ "ပဲစင်းငုံကို မနေ့ကလိုင်စင်ချပေးတယ်။ တင်သွင်းခွင့်ပေါ့။ အိန္ဒိယက သူနိုင်ငံထဲတင်သွင်းခွင့်ပေးခဲ့တယ်။ အဲဒီသတင်းကြောင့် လွန်ခဲ့တဲ့တစ်ပတ်ကတည်းက ဈေးတက်နေတာ။ မနက်က ၈၂၀၀၀ အထိ ဈေးဖြစ်သွားပြီး ၉၀၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်။ လွန်ခဲ့သည့် နှစ်ပတ်လောက်က ၇၈၀၀၀ ဈေးကနေ တောက်လျှောက် ဈေးတက်လာတာပေါ့။ သတင်းဦးတဲ့သူတွေက ကြိုပြီးဝယ်ယူနေကြတော့ ဈေးကတက်လာတာ မနေ့ကသတင်းထွက်မည့်နေ့ကြ ၉၀၀၀၀ ဈေးအထိဖြစ်လာတယ် ပြည်တွင်း ပဲစင်းငုံလက်ကျန်က အများမှန်တာက တန်တစ်သိန်းခွဲပေါ့။ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ခုနှစ်အတွင်း ပဲစင်းငုံအဟောင်းအသစ် လက်ကျန်ပြည်တွင်းမှာ တန်တစ်သိန်းခွဲလောက်ရှိမယ်။အိန္ဒိယက လိုင်စင်ပေးတာက တန်ချိန်လေးသိန်း လိုင်စင်ချပေးတာမှန်တယ်။ ဒါပေမဲ့ တင်သွင်းဖို့တစ်လခွင့်ပြုထားတယ်။ တစ်လအတွင်း အမြဲတင်သွင်းနိုင်တာပေါ့။ လောလောဆယ်က အိန္ဒိယမှာပဲဈေးတွေကမြင့်နေတယ်။ သူတို့က သူတို့ပြည်တွင်းမှာ ဈေးမြင့်နေတဲ့အတွက် ဈေးချစေချင်လို့လား မသိဘူး။ တစ်လအတွင်း အမြန်တင်သွင်းခိုင်းထားတယ်။ ပြီးတော့မှ ထပ်ပြီး သက်တမ်းတိုးပေးမလားတော့ မသိဘူး စောင့်ကြည့်ရမယ်။ ပဲစင်းငုံက မြန်မာနိုင်ငံတစ်ခုတည်းထွက်တာမဟုတ်ဘူး။ တခြားအာဖရိကနိုင်ငံတွေကလည်း ထွက်တယ်။ အဲဒီဘက်က အိန္ဒိယကို တင်သွင်းတဲ့အနေအထားတော့ ကျွန်တော်တို့မသိဘူး။ မတ်ပဲကျ မြန်မာပြည်က အဓိကသွားတော့ တခြားနိုင်ငံပြိုင်ဖက်မရှိဘူး။ ပဲစင်းငုံကျ တခြားနိုင်ငံပြိုင်ဘက်ရှိတော့ သူတို့နဲ့ပြိုင်ပြီးတင်သွင်းရတော့ အချိန်က တစ်လဆိုတော့ လုပြီးတင်သွင်းရသလိုဖြစ်နေတယ်။ မတ်ပဲ မန္တလေးဈေးက ၁၂၀၀၀၀ ဈေးရှိတယ်။ ပဲတီစိမ်းက ပစ္စည်းကောင်းတာမရှိဘူး။ ပစ္စည်းသန့်ပြီးကောင်းရင် ၁၂၀၀၀၀ ဈေးအထိ ရောင်းလို့ရပါတယ်။ တရုတ်လိုင်းဝယ်နေတယ်။ စမုန်နှမ်းအနက် ထိပ်စ ၂၀၀၀၀၀ နဲ့ ၂၀၅၀၀၀ ကြားအလုပ်ဖြစ်တယ်။ တကယ် ရှယ်မှရောင်းရတယ်။ အလတ်စ ၁၈၀၀၀၀ နဲ့ ၁၉၀၀၀၀ ကြားမှာ အရောင်းအဝယ်ဖြစ် တယ်။ မနေ့ကနဲ့စာရင် တအိတ်ကို အလတ်စ ဆို ၅၀၀၀ လောက် ဈေးကျပါတယ်။ အညံ့စဆို ဒီနေ့ ဈေးမဖွင့်ဘူး။ အညာဘက်က နှမ်းအသစ်ပေါ်တဲ့ အသံထွက်ပြီးတော့ ဝယ်လက် က ဈေးထိန်းဝယ်တဲ့ သဘောနေမယ်။ ပဲစင်းငုံ က အိန္ဒိယဆိပ်ကမ်းအရောက် နိုဝင်ဘာ ၁၅ ရက်နေ့အထိ နောက်ဆုံးတင်သွင်းရမယ်လို့ ပြောထားတယ်"ဟု ပွဲစားကုန်သည်

စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောကြားသည်။ အဆိုပါ မတ်ပဲ၊ ပဲစဉ်းငုံနှင့် ကုလားပဲသီးနှံများမှာ ဆောင်းသီးနှံဖြစ်သည့်အတွက် လာမည့်သီတင်းကျွတ်ကာလတွင် စတင်စိုက်ပျိုးနိုင်ရန် တောင်သူများ ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

၂၀၂၂ ပြည့်နှစ် မတ် ၃၁ ရက်နောက်ဆုံးထား၍ မတ်ပဲတန်ချိန် တစ်သိန်းခွဲတင်သွင်း ခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ပဲစင်းငုံတန်ချိန်လေးသိန်းကို အိန္ဒိယဆိပ်ကမ်းအရောက် နိုဝင်ဘာ ၁၅ ရက်အထိ နောက်ဆုံးသတ်မှတ်ထားကြောင်းသိရသည်။

လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်၌ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၇၀၀၀ နှုန်းသာ ရှိခဲ့သော ပဲဇီးကွက်မှာ အောက်တိုဘာ ၁၅ ရက်၌ ကျပ် ၇၀၀၀၀ နှုန်းဖြင့် အရောင်းသွက်လျက်ရှိပြီး ထောပတ်ပဲမှာလည်း ယခင်ဩဂုတ်လအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၄၀၀၀ နှုန်းသာရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ထောပတ်ပဲ(အကြီး)မှာ ကျပ် ၆၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ (အသေး) မှာ ကျပ် ၅၆၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ယခင်ဈေးများထက် တစ်သောင်းကျော်မြင့်တက်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) ကပြောသည်။

**Source:** https://news-eleven.com/article/195621

## အခြေခံရည်ညွှန်းဈေးဖြင့် စပါးဝယ်ယူရေး နိုဝင်ဘာလဆန်းတွင်စတင်မည်

အစိုးရ၏အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် စပါးဝယ်ယူမည့်အစီအစဉ်ကို လာမည့်နိုဝင်ဘာလဆန်းတွင် စတင်မည်ဟု စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်ကပြောသည်။ အစိုဓာတ် ၁၄ရာခိုင်နှုန်းရှိပြီး ဖုန်၊ သဲ၊ ခဲ၊ အမှိုက်ကင်းစင်သော စပါးတင်းတစ်ရာလျှင် ကျပ် ၅၂၀,၀၀၀ ဈေးဖြင့် ဝယ်ယူမည့်အစီအစဉ် စတင်နိုင်ရန် လက်ရှိတွင် တိုင်းနှင့်ပြည်နယ်အစိုးရများ၊ ကုန်သည်၊ စက်ပိုင်အသင်းများနှင့် ညှိနှိုင်းနေသည်။ "လာမယ့်လပထမအပတ်ထဲမှာ ဝယ်နိုင်ဖို့ ပြင်ဆင်နေပါတယ်။ ဘတ်ဂျက်ကလည်း လျာထားပြီးပါပြီ"ဟု ဦးမြင့်လွင်ကပြောသည်။ အခြေခံရည်ညွှန်းဈေးဖြင့် စပါးဝယ်ရန် အစိုးရက ကျပ် ၂၀ ဘီလီယံ သုံးစွဲရန်လျာထားသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က အခြေခံရည်ညွှန်းဈေးဖြင့် စပါးဝယ်ယူရန် အစိုးရက ကျပ် ၁၅ ဘီလီယံသာ လျာထားသုံးစွဲခဲ့သည်။

ယခုနှစ် မိုးစပါးရာသီတွင် စပါးအဓိကစိုက်ပျိုးသော ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်ရှိ တောင်သူများထံမှ အခြေခံရည်ညွှန်းဈေးဖြင့် စပါးဝယ်ယူမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးစပါး ဧက ၁၆ သန်းကျော်စိုက်ပျိုးပြီး စပါးတင်းပေါင်း ၈၅၅ သန်း (တန်ချိန် ၁၉ သန်းကျော်)ခန့် ထုတ်လုပ်သည်။ အစိုးရ၏ ဘတ်ဂျက်လျာထားချက်ဖြင့်ဆိုလျှင် စပါးတင်းပေါင်းသန်း ၃၀ ခန့်ဝယ်ယူနိုင်မည်ဖြစ်ပြီး ပုံမှန်မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၏ ၃ ရာခိုင်နှုန်းဝန်းကျင် ဝယ်ယူနိုင်မည်ဖြစ်သည်။ ဆန်စက်ပိုင်ရှင်များကို တောင်သူများထံမှ အခြေခံဈေးဖြင့် စပါးဝယ်ပေးနိုင်ရန် အစိုးရကတင်ဒါများချပေးပြီး ဆန်စက်ပိုင်ရှင်များက ဆန်အဖြစ်ကြိတ်ခွဲပြီး အစိုးရထံပြန်လည်ပေးသွင်းရမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၉ မိုးစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းခဲ့ခြင်းကြောင့် ဧရာဝတီ၊ ပဲခူးနှင့်ရန်ကုန်တိုင်းတို့တွင် အခြေခံဈေးဖြင့် အစိုးရကစပါးဝယ်ယူပေးခဲ့သော်လည်း စပါးရိတ်သိမ်းချိန်ထက်နောက်ကျပြီး ဝယ်ခဲ့ခြင်းကြောင့် တောင်သူလယ်သမားအများစု အခက်အခဲကြုံခဲ့ရသည်။

**Source:** https://7day.news/detail?id=202174

## ပြည်ပမှဝင်ရောက်သည့် အာလူးများကြောင့် ပြည်တွင်းအာလူးဈေးနှုန်းများကျဆင်း



ပြည်ပမှဝင်ရောက်နေသည့် အာလူးများကြောင့် ပြည်တွင်းအာလူးဈေးနှုန်းများ ကျဆင်းနေကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း၊ နောင်တရားအာလူးအသင်းမှ သိရသည်။ အစောပိုင်း လမ်းပိတ်ပြီးမှ ရုတ်တရုတ်ပြန်ဖွင့်တော့ တစ်ရက်၊ နှစ်ရက်လောက် ဈေးကထောင်တက်သွားသေးတယ်။ ဈေးကောင်းရလိုက်တဲ့ လူတွေလည်း ရလိုက်ကြတယ်။ ဒီအချိန်မှာပဲ တရုတ်ဘက်က အာလူးတွေက အကြီးအကျယ်ဝင်ချလာတယ်။ တွဲကား အစီး ၄၀, ၅၀ လောက်ကို တင်သွင်းလာကြတယ်။ အဲ့ဒီလို

ဆိုတော့ ပြည်တွင်းအာလူးတွေက ချက်ချင်းဈေးထိုးကျသွားတယ်ဟု ရှမ်းပြည်နယ်တောင်ပိုင်း၊ နောင်တရားအာလူးအသင်း၏ ဥက္ကဋ္ဌ ဦးခွန်ဆန်းဦးကပြောသည်။

ထိုကဲ့သို့ အာလူးဈေးနှုန်းများ ကျဆင်းသွားသည့်အတွက် အာလူးတစ်ပိဿာလျှင် (၇၀၀) ကျပ် ဝန်းကျင်သာ ရရှိပြီး၊ ကားခနှုတ်ပါက တောင်သူများအတွက် တစ်ပိဿာလျှင် (၅၅၀) ကျပ်ခန့်သာရရှိကြောင်း သိရသည်။ အာလူးဈေးကျပေမယ့်လည်း ရန်ကုန်ကို မတင်ပို့လို့လည်း မရပြန်ဘူးလေ။ ကိုယ်တင်ပို့နေကြ ဖောက်သည်တွေအပေါ် ကတိတွေပေးထားပြီးဖြစ်နေတော့လေ။ ကားခက မန္တလေးတစ်ဖြတ်ကိုပဲ တစ်ပိဿာ ၉၀ ကျပ်လောက်ပေးလိုပေးရ။ နောက်ပြီးတော့ ရန်ကုန်အထိကို ၉၀၊ ၁၀၀ လောက်ပေးလိုပေးရ။ မတင်ပို့လို့ကလည်းမဖြစ်နဲ့ အဲ့ဒီလိုတွေ ပြည်တွင်းအာလူးဈေးကွက်မှာ ဖြစ်ကုန်တယ်။ ဟိုးအရင်ကထက်တောင် ဈေးက ပိုကျသွားတယ်ဟု ဦးခွန်ဆန်းဦးက ဆက်လက်ပြောသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ရန်ကုန်သို့တင်ပို့သည့် ကားခ အနေဖြင့် အာလူးတစ်ပိဿာလျှင် ကားခ (၆၀) ကျပ်မှ (၁၀၀) ကျပ်အတွင်း ကုန်ကျကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/local

## ကုန်တင်ယာဉ်အခက်အခဲနှင့်ဒေါ်လာဈေးကျဆင်းမှုကြောင့် မိုးစပါးဈေးဆက်တိုက်ကျ

COVID-19 ကပ်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကြောင့် ကုန်တင်ယာဉ်အခက်အခဲနှင့် ပို့ကုန်ရငွေတန်ဖိုး အမေရိကန်ဒေါ်လာ ကျဆင်းမှုကြောင့် မိုးစပါးဝယ်လိုအား လျော့နည်းသဖြင့် စပါးဈေးနှုန်း ဆက်တိုက်ကျဆင်းလာသည်။ ယခုနှစ် မိုးစပါး စပေါ်ချိန်တွင် စပါးတင်းတစ်ရာလျှင် ကျပ် ၆၀၀,၀၀၀ ဈေးရှိခဲ့သော်လည်း လက်ရှိတွင်ကျပ် ၅၀၀,၀၀၀ ဝန်းကျင်သို့ ကျဆင်းလာသည်။ ဧရာဝတီ၊ ပဲခူးတိုင်း စသောဒေသအများစုမှ မိုးစပါးများ စတင်ထွက်ပေါ်ထွက်နေသော် လည်း ရန်ကုန်ဈေးကွက်၏ ဝယ်လိုအားကျဆင်းမှုကြောင့် စပါးဈေးထပ်ကျနိုင်သည်ဟု ဆန်စပါးလုပ်ငန်းနှင့် သက်ဆိုင်သည့်အသင်းအဖွဲ့များမှ တာဝန်ရှိသူအချို့ကပြောသည်။

ရန်ကုန်ဈေးကွက်တွင်လည်း မိုးစပါးမှကြိတ်ခွဲထားသော ဆန်သစ် ၂၅ မှတ်အမျိုးအစားများက ပြည်ပဆန်တင်ပို့မည့် လုပ်ငန်းရှင်များ ဝယ်လိုအားလျော့နည်းမှုကြောင့် တစ်အိတ် လျှင် ကျပ် ၂၁,၀၀၀ ဝန်းကျင်မှ ကျပ် ၁၉,၅၀၀ သို့ ကျဆင်းလာသည်။ လက်ရှိပို့ကုန်ရငွေ ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့် ရန်ကုန်ဈေးကွက်တွင် ပြည်ပတင်ပို့သူများ၏ ဝယ်လိုအား ၅၀ ရာ ခိုင်နှုန်းအထက် လျော့နည်းသွားသည်ဟု ဦးသန်းဦးကပြောသည်။ ဖခင်က တစ်ရက်လျှင် အိတ်ရေတစ်သိန်းအထိ ဝယ်အားရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် အိတ်ရေနှစ်သောင်းဝန်းကျင်သာ ဝယ်ယူသည်။

**Source: MAN Local News**

https://greenwaymyanmar.com/posts/

## ကိုဗစ်ကာလ မြဝတီနယ်စပ်ကုန်သွယ်ရေး အကန့်အသတ်များရှိသော်လည်း ကုန်သွယ်မှုလျော့ကျခြင်းမရှိ

မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးဇုန်မှ COVID-19 ကာလကုန်စည်စီးဆင်းမှုအတွက် အကန့်အသတ်များ ရှိသော်လည်း ကုန်သွယ်မှုပမာဏ လျော့ကျသွားခြင်းမရှိဘဲဘဏ္ဍာနှစ်ကုန်ထိ အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၁၆၀ သန်း ကုန်သွယ်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနမှ ထုတ်ပြန်သောစာရင်းများအရ သိရသည်။ ၂၀၁၉ အောက်တိုဘာ ၁ ရက်မှစက်တင်ဘာ ၂၅ ရက်အထိ အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၁၆၀ သန်း ကုန်သွယ်နိုင်ခဲ့သည့်အတွက် ယခင်နှစ်ကာလတူက ကုန်သွယ်ခဲ့သည့် အမေရိကန်ဒေါ်လာ ၉၅၀ ဒသမ၈ ၄၁ သန်းနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၄၁ ဒသမ ၃၁၉ သန်း ပိုမိုကုန်သွယ်ထားနိုင်ကြောင်းသိရသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏမှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၂၄၀ ကျော် မြင့်တက်လာသော်လည်း သွင်းကုန်ပစ္စည်းများမှာ ပုံမှန်ထက်လျော့နည်းခဲ့ပြီး ထိုင်းနိုင်ငံဘက်သို့တင်ပို့သည့် မြန်မာ့လယ်ယာထွက်ကုန်ပြောင်းဆန်များမှာ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။ "ကိုဗစ်ကာလမှာ သွင်းကုန်ရာခိုင်နှုန်းကျတယ်။ ပို့ကုန်ကတော့မြင့်လာတယ်။ ယခင်ငါးရာခိုင်နှုန်းကနေ ရာခိုင်နှုန်း ၄၀ အထိ မြင့်တက်လာတယ်။ သွင်းကုန်ကတော့ ပြည်တွင်းမှာ ကုန်ပစ္စည်းဝယ်လိုအား လျော့ကျနေတဲ့အတွက်သွင်းကုန်ပမာဏက ရာခိုင်နှုန်းအားဖြင့်လျော့နည်းသွားတာဖြစ်ပါတယ်။

သို့သော်လည်း အခွန်ကင်းလွတ်ခွင့်ရတဲ့ဩဂုတ်လကုန်ထိတော့ ပြောင်းဆန်တင်ပို့မှုမှာတော့ ယခင်နှစ်တွေထက် သိသိသာသာ မြင့်တက်လာခဲ့တာတွေ့ရပါတယ်''ဟု မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကပြောသည်။

မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံဘက်သို့ မြန်မာလယ်ယာထွက်ကုန် ပြောင်း၊ပဲ၊ ကြက်သွန်၊ ငရုတ်နှင့် CMP ချုပ်ထည်များ တင်ပို့မှုမှာ စက်တင်ဘာ၂၅ ရက်အထိ အမေရိကန်ဒေါ်လာ ၃၈၀ ဒသမ ၀၇၅ သန်းထိ တင်ပို့နိုင်သည့်အတွက် ယခင်နှစ် ကာလတူထက်ဒေါ်လာ ၁၇၁ ဒသမ ၃၃၇ သန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ထို့အတူ ပြည်တွင်းဈေးကွက်၌ ဝယ်လိုအား လျော့ကျနေသော ထိုင်းကုန်စည်များတင်သွင်းမှုမှာ ရာခိုင်နှုန်းအားဖြင့် လျော့ကျနေသော်လည်း ၁၁ လကျော်အတွင်း အမေရိကန် ဒေါ်လာ၈၁၂ ဒသမ ၀၈၅ သန်းဖိုးထိ တင်သွင်းထားသည့်အတွက် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၉ ဒသမ ၉၈၂ သန်း ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်းသိရသည်။

COVID-19 အရေးပေါ်ကာလအဖြစ် မတ်လ ၂၁ ရက်မှစတင်၍အမှတ်(၂)ချစ်ကြည်ရေးတံတားပေါ်မှခရီးသည်သွားလာမှုကို ကန့်သတ်ထားသော်လည်း ကုန်စည်စီးဆင်းမှုရပ်ဆိုင်းမသွားစေရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများညှိနှိုင်းကာ အမှတ်(၂) တံတားမှကုန်သွယ်မှုကို ခွင့်ပြုထားသော်လည်းလတ်တလောအခြေအနေတွင် ထိုင်းကုန်တင်ယာဉ်များကို မြဝတီမြို့အတွင်း ဝင်ခွင့်မပြုသလို မြန်မာကုန်တင်ယာဉ်များကိုလည်း မဲဆောက်မြို့တွင်းအထိ ဝင်ခွင့်မပြုတော့ကြောင်းသိရပြီး ကုန်စည်များကို တံတားကြီး၏ သူ့ဘက်ပိုင်း၊ ကိုယ့်ဘက်ပိုင်း BCF ဇုန်၌သာချိန်းပြောင်းသယ်ဆောင်ခွင့်ပြုလျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/145122.html

## Refined Sugar တန်ချိန် ၅၇၀၀၀ ကျော် တင်သွင်းခဲ့

Refined Sugar (ပြုပြင် ပြင်ဆင်ထားသော သကြား) တင်သွင်းမှုအတွက် ကုမ္ပဏီလုပ်ငန်းအမျိုးအစား ၁၁ မျိုးခွင့်ပြုခဲ့ပြီး တန်ချိန် ၅၇၀၀၀ ကျော်တင်သွင်းခဲ့ရာ ယမန်နှစ်တွေထက် လျော့နည်းသည့်ပမာဏဖြစ်ကြောင်း မြန်မာနိုင်ငံ ကြံသကြား လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကဆိုသည်။

ပြည်ပသကြားဈေး မြင့်တက်လာခြင်းကြောင့် လုပ်ငန်းရှင်တချို့က အဆိုပါ ပြုပြင်ပြင်ဆင်ထားသော သကြားတင်သွင်းမှုကို ၂၅ ရာခိုင်နှုန်းလျှော့ခြင်း၊ စီးပွားကူးသန်းဝန်ကြီးဌာနကလည်း တင်သွင်းမှုကို လျှော့ချခြင်းတို့ကြောင့် ပြည်ပမှတင်သွင်းမှုသည် ၄၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြား လျော့နည်းနိုင်သည်ဟုဆိုသည်။ ''တိတိကျကျတော့ အရင်က ဘယ်လောက်သွင်းခဲ့တယ်ဆိုတာ မထုတ်ပြန်တော့ မသိရပါဘူး။ ပြည်ပဈေးကလည်း မြင့်လာတော့ မဖြစ်မနေ လိုအပ်တဲ့ လုပ်ငန်းရှင်လောက်ပဲ Refined Sugar တင်သွင်းခဲ့ကြတယ်'' ဟု ဦးဝင်းဌေးဆိုသည်။

မြန်မာနိုင်ငံ၌ သကြားစက်ရုံပေါင်း ၂၀ ကျော်ရှိသော်လည်း သန့်စင်ပြီး Refined Sugar ထုတ်လုပ်နိုင်သည့် စက်ရုံ ၂ ရုံသာ ရှိသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် Refined Sugar တင်သွင်းမှုသည် ၅၇၆၆၅ တန်ရှိပြီး ပြည်ပသို့ တင်ပို့မှုသည် ၁၇၇၀၄၂ တန် ဖြစ်သည်။ လက်ရှိအနေအထားတွင် တရုတ်နိုင်ငံမှ မြန်မာ့သကြားကို တစ်ဆွဲတစ်ပိုး အနေအထားဝယ်နေခြင်း၊ သကြားလက်ကျန် နည်းလာခြင်းတို့ကြောင့် သကြားဈေးမှာလည်း မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၈၆၀ မှ ကျပ် ၉၀၀ ကျပ်ထိ ရောက်ရှိသွားခဲ့သလို ရန်ကုန်ဈေးကွက်တွင်လည်း တစ်ပိဿာလျှင် ကျပ် ၉၂၀ ဈေးထိ ယခုတစ်ပတ်အတွင်း ရောက်ရှိသွားခဲ့ သည်။ Re-export သကြားများ ပြည်တွင်းတွင် စုပြုံခဲ့ပြီးသည့်နောက် နှစ်အတော်ကြာ မြန်မာ့ကြံသကြားဈေးကွက် ပျက်ခဲ့ ပြီးသည့်နောက် ယခုကိုဗစ်ကာလတွင် ဈေးနှုန်းမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ '' ကမ္ဘာမှာလည်း သကြားလက်ကျန်နည်းလာပြီ၊ ဈေးလည်း တက်လာပြီ ဖြစ်ပါတယ်'' ဟု မြန်မာနိုင်ငံကြံသကြား လုပ်ငန်းရှင်များအသင်းမှ ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းဌေးက ဆိုသည်။ လက်ရှိ ကြံကြိတ်ဝါးရာသီမစတင်ခင်တွင် ကြံတစ်တန်ဈေးနှုန်းကို ယခုလကုန်အပြီးသတ်မှတ်နိုင်ရန် စီးပွားကူးသန်း ဝန်ကြီးဌာနနှင့် ကြံစက်ရုံများတွေ့ဆုံမှုကို အောက်တိုဘာ ၁၃ ရက်နေ့က ပြုလုပ်ခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏမြင့်တင်နိုင်ရန် သကြားကို ပြည်ပမှ တင်သွင်းပြီး တရုတ်နိုင်ငံသို့ပြန်လည်တင်ပို့ခွင့်လိုင်စင်ကို ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။ ထိုစဉ်ကုန်သွယ်မှုပမာဏ မြင့်တက်ခဲ့ပြီး အမြတ်အစွန်းများစွာရရှိခဲ့ကြသည်။ သို့သော် တရုတ်နိုင်ငံသို့ သကြားတရားဝင်တင်ပို့မှုထက် နယ်စပ်ဖြတ်ကျော်ဂိတ်များမှ တစ်ဆင့် တရားမဝင်တင်ပို့မှုများကြောင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် တရုတ်နိုင်ငံသို့ သကြားတင်ပို့ခြင်းကို ပိတ်ပင်ခဲ့သည်။

ထို့အပြင် မြဝတီနယ်စပ်မှ မှောင်ခိုဝင်ရောက်လာသော သကြားကိုလည်း တင်းကျပ်မှုပြုလုပ်ခဲ့သည်။ ထိုသို့ ပိတ်ပင်ထားသော်လည်း တရားမဝင်လမ်းကြောင်းမှ မြဝတီမှသကြားများ ဆက်လက်ဝင်ရောက်လျက် ရှိနေသေးကြောင်း သကြားစက်ရုံတို့က ဆိုခဲ့ကြသည်။ ထို့အပြင် သကြားအခြေခံသုံး စက်ရုံများ(စားသောက်ကုန်လုပ်ငန်းများ) မှ သကြားတင်သွင်းခွင့်လိုင်စင်ကိုလည်း ယာယီပိတ်ပင်ထားစေလိုကြောင်း ၂၀၁၉ ဇူလိုင်လကုန်တွင် ပြုလုပ်ခဲ့သည့် ယမန်နှစ်အစည်းအဝေးက ထွက်ပေါ်လာခဲ့ပြီးသည့်နောက် ပြည်ပမှ တင်သွင်းသကြားများကန့်သတ်ခဲ့သလို လုပ်ငန်းရှင်များ ပြည်ပသကြားတင်ပို့မှုကိုပါ ကန့်သတ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/145074.html

## ဝမ်တိန်သစ်သီးအရောင်းကွင်း၌ သွားရောက်ရောင်းချခွင့် မြန်မာသစ်သီးဝလံကုန်သည်များတောင်းခံ



တရုတ်နိုင်ငံဘက်ရှိ ဝမ်တိန်သစ်သီးအရောင်းကွင်းမှာ လူကိုယ်တိုင်သွားရောင်းချခွင့်ရရှိဖို့ သစ်သီးဝလံကုန်စည်ဒိုင်က ရှမ်းပြည်နယ်အစိုးရထံ တင်ပြတောင်းခံလိုက်ပါတယ်။ သစ်သီးဝလံကုန်စည်ဒိုင် ဥက္ကဋ္ဌ စိုင်းမြင့်ဗိုလ်က "တရုတ်နိုင်ငံက လူဝင်လူထွက်ကန့်သတ်ထားတော့ သူတို့လည်းထွက်လို့မရ၊ ကျနော်တို့လည်းဝင်မရဘဲ ဖုန်းနဲ့ပဲချိတ်ဆက်ရောင်းရတာ အဆင်မပြေပါဘူး။ မြန်မာတောင်သူတွေ ဈေးကောင်းမရရှိရင် များစွာဆုံးရှုံးနစ်နာမှာကြောင့် သစ်သီးပွဲရုံတွေ ကိုယ်စားလှယ် ၂ ဦး မှ ၅ ဦး လောက် တရုတ်နိုင်ငံ ဝမ်တိန်သစ်သီးအရောင်းကွင်းမှာ လူကိုယ်တိုင်သွားရောင်းခွင့်ရရှိဖို့ စာတင်ထားရတာပါ"လို့ ပြောပါတယ်။

မြန်မာပြည်တဝန်းက သစ်သီးဝလံတင်ဆောင်လာတဲ့ ကုန်တင်ယာဉ်တွေကိုလည်း SOP အရ RDT test kit နဲ့ စစ်ဆေးနေတဲ့နေရာမှာ ပုပ်သိုးကုန်ဖြစ်တာကြောင့် ဦးစားပေးစနစ်နဲ့ အမြန်ဆုံးစစ်ဆေးပေးဖို့ တင်ပြထားပါတယ်။ မူဆယ်နမ့်ခမ်း နယ်စပ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးစိုင်းနွမ် က "မူဆယ်ကပွဲရုံတွေဟာ မြန်မာပြည်အလယ်ပိုင်းကတောင်သူတွေကို သူတို့လိုအပ်တဲ့မျိုးစေ့ ပလတ်စတစ်အိတ်နဲ့ဓာတ် မြေဩဇာတွေထောက်ပံ့ကြပြီး အသီးပေါ်ရင် ကုန်တင်ကားနဲ့တောင်သူကိုယ်တိုင် လိုက်လာကြပါတယ်။ သူတို့မျက်စိရှေ့ ကျနော်တို့ရောင်းပေးပြီး ရလာတဲ့အထဲကချပေးထားတဲ့ မျိုးဖိုးပလတ်စတစ်ဖိုးစတာ ပြန်နုတ်ကာကျနော်တို့က ၂ ရာခိုင်နှုန်း အကျိုးဆောင်ခသာယူပါတယ်။ ပွဲရုံတခုမှာ သူတို့နဲ့လက်တွဲလုပ်သူ တောင်သူဦးရေ ရာဂဏန်းရှိပါတယ်"လို့ ပြောပါတယ်။

လက်ရှိတနေ့ကို ဖရဲသခွား မိုးသီးတွေ ကားအစီး ၃၀ လောက်ဝင်ရောက်နေပြီး တရုတ်ပြည်ထဲကို ကားမောင်းသမားလဲလည်တဲ့စနစ်နဲ့ ကုန်ကားတွေသာဝင်ခွင့်ရပြီး အသီးတွေကို ကိုယ်တိုင်ရောင်းချခွင့်မရပါဘူး။ အသီးတွေအမှည့်လွန်တာ၊ အမှည့်လိုတာ၊ အနာအဆာပါတာ၊ အသီးမလှတာ၊ အပုပ်ပါတာတွေကို အကြောင်းပြပြီး ဝယ်သူ ဖြတ်တဲ့ဈေးပဲရနိုင်တယ်လို့ ကုန်သည်တွေက ပြောပါတယ်။ ဒါကြောင့် ပွဲရုံကိုယ်စားလှယ်တွေဟာ သူတို့အနေနဲ့ တရုတ်နိုင်ငံအစိုးရက ချမှတ်တဲ့ SOP တွေ စည်းကမ်းတွေ သတ်မှတ်ချက်အတိုင်းလိုက်မယ်၊ ကွာရန်တင်းဝင်ဆိုင်မယ်၊ ကျန်းမာရေးစစ်ဆေးမှု အလုပ်ခံမယ်၊ သတ်မှတ်တဲ့နေရာမှာပဲနေမယ် ယူနန်ပြည်နယ်အစိုးရကို ညှိနှိုင်းပေးပါလို့ မေတ္တာရပ်ခံထားတယ်လို့လည်း ပြောကြပါတယ်။

ရှမ်းပြည်နယ် စီမံဘဏ္ဍာဝန်ကြီး ဦးစိုးညွန့်လွင်က "အောက်တိုဘာ ၁၅ နေ့ မနက် ၇ နာရီကစတဲ့ အစိုးရနဲ့ zoom meeting မှာတင်ပြထားတဲ့အကြောင်း၊ ဒီကိစ္စဟာ နှစ်နိုင်ငံဆက်ဆံရေးအဖွဲ့ကနေပြောရမှာမို့ ဒေါက်တာသန်းမြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီးကို တင်ပြထားပါတယ်။ ရှမ်းပြည်နယ်အစိုးရက တိုက်ရိုက်ပြောပေးလို့မရပါဘူး" လို့ပြောပါတယ်။ လတ်တလော တရုတ်နိုင်ငံ၊ ဝမ်တိန်ဖရဲကွင်းမှာ 855 ဖရဲသီးတွေ ဈေးကောင်းရနေကြပြီး အကြောင်းရင်းကတော့ မြန်မာဖရဲသီး အစိုက်နဲ၊ အထွက်နဲသလို ဒီရက်ပိုင်းအတွင်းမှာ တရုတ်ပြည် ကွမ်ရှီးပြည်နယ်၊ကျိုလင့်ဒေသက ဖရဲသီးတွေလည်း နူးခါနီးရက်တွေမှာ ၃/၄ ရက်လောက် မိုးကြီးရွာချလို့ အသီးတွေပျက်စီးကုန်တာကြောင့်ဖြစ်တယ်လို့ဆိုပါတယ်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်နဲ့ရှမ်းပြည်နယ်တို့မှာ ဖရဲနဲ့သခွားကို စိုက်ပျိုးကြပြီး ဒီနှစ်မှာကပ်ဘေးကြောင့် သုံးပုံတစ်ပုံလောက်သာ စိုက်ပျိုးထားတယ်လို့သိရပါတယ်။ ၂၀၁၉ မှာ တရုတ်နိုင်ငံကို ဖရဲ၊ သခွား

တန်ချိန် ၈ သိန်းလောက် မြန်မာပြည်ကနေတင်ပို့ခဲ့ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာမှာ လှိုင်လှိုင်ပေါ်နေကျဖြစ်ပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်မှာ ဖရဲသခွားပွဲရုံပေါင်း ၈၀ ကျော်ရှိပါတယ်။

**Source:** http://burmese.dvb.no/archives/417081

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံကျော်ရှိ



နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံကျော်တွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံကျော်နှင့် သွင်းကုန်ပမာဏ အမေရိကန် ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံကျော် ပါဝင်ကြောင်းသိရသည်။

ယခုဘဏ္ဍာနှစ် နယ်စပ်ကုန်သွယ်မှုပမာဏသည် ယခင်ဘဏ္ဍာနှစ် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၉၄ သန်းကျော် ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်း ၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံကျော်ရရှိခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်သော အချက်အလက်များအရသိရသည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများအလိုက် ကုန်သွယ်မှု ပမာဏတွင် မူဆယ်စခန်းသည် ကုန်သွယ်မှုပမာဏ အများဆုံး ဖြစ်ပြီး ၄ ဒသမ ၈ ဘီလီယံကျော်ရှိပြီး ယင်းနောက်တွင် ထီးခီးစခန်းသည် ဒုတိယ ကုန်သွယ်မှု ပမာဏ အများဆုံး ဖြစ်ကာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အဓိကပို့ကုန်များတွင် လယ်ယာထွက်ကုန်ပစ္စည်း ၊ တိရစ္ဆာန်ထွက်ပစ္စည်း ၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း ၊ သစ်တောထွက်ပစ္စည်း ၊ စက်မှုကုန်ချောပစ္စည်းနှင့်အခြားတို့ဖြစ်ကာ သွင်းကုန်များမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ၊ လူသုံးကုန်ပစ္စည်းများ တို့ ဖြစ်ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29969-2020-10-15-09-23-07

## အိန္ဒိယသို့ ပဲစင်းငုံတင်သွင်းခွင့် တစ်လသာရ၍ သက်တမ်းတိုးပေးရန်လိုလားဟု ပဲမျိုးစုံနှင့်နှမ်းလုပ်ငန်းရှင်များ ထုတ်ပြန်

ပဲစင်းငုံ တန်ချိန်လေးသိန်းကို ပြည်ပမှတင်သွင်းရန် အိန္ဒိယအစိုးရက အချိန်တစ်လသာပေးခြင်းမှာ အဆင်မပြေသည့်အတွက် သတ်တမ်းတိုးပေးရန်လိုလားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းလုပ်ငန်းရှင်တို့က ထုတ်ပြန်ထားသည်။ အိန္ဒိယနိုင်ငံက ၎င်းတို့နိုင်ငံ၏ ပဲလိုအပ်ချက်အရ မတ်ပဲတန်ချိန် တစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် လေးသိန်းခန့်ကို တင်သွင်းရန် ွင့်ပြုခဲ့သည်။ "ပဲစင်းငုံ လက်ကျန်ကလည်းနည်းတယ်။ တကယ်တမ်းတင်ပို့ဖို့ အချိန်ကလည်း သိပ်တိုတော့မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံက ပဲစင်းငုံအပြင် အာဖရိကက ပဲစင်းငုံတွေကိုပါ ကန့်သတ်ထားတဲ့ပုံပဲ။ မြန်မာနိုင်ငံကို ပဲသီးသန့်ကန့်သတ်ထားတာတော့ မဟုတ်ဘူး"ဟု ဘုရင့်နောင်ပဲမျိုးစုံနှင့်နှမ်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အိန္ဒိယသည် ပဲစင်းငုံ တန်ချိန်လေးသိန်းကို ပြည်ပမှတင်သွင်းရန် ခွင့်ပြုလိုက်သော်လည်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၅ ရက်နောက်ဆုံးတင်ပို့ရန် ဖော်ပြထားသည်။ သို့သော် တင်ပို့ရန်သင်္ဘောအခြေအနေ၊ မြန်မာဆိပ်ကမ်းမှ အိန္ဒိယဆိပ်ကမ်းရောက်ရန် ကြာမြင့်ချိန်မှာ ၁၂ ရက်ခန့် ကြာမြင့်နိုင်သည်ဖြစ်၍ တစ်လအတွင်းတင်ပို့ရန်မဖြစ်နိုင်ကြောင်း ၎င်းကဆိုသည်။ "တစ်လအတွင်း ဆိပ်ကမ်းရောက်အောင် ပို့ခိုင်းတာ ပဲလိုအပ်ချက်များလို့လား။ ဒီထက်ပိုဖြစ်နိုင်တာက ထုတ်ပြန်တဲ့ဝန်ကြီးဌာနက ပဲစင်းငုံလိုအပ်ချက်များတယ် ဆိုရင်ထပ်တိုးမှာလား။ ကျွန်တော်တို့က မျှော်တလင့်လင့်ဖြစ်နေဝတယ်" ဟု ဘုရင့်နောင်ကုန်စည်ဒိုင်က တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံသည် ပဲစင်းငုံတန်ချိန် ၅၀၀၀၀ ခန့် တင်ပို့ထားပြီးဖြစ်ကာ လက်ရှိခွင့်ပြုချက်အရ တန်ချိန် ၅၀၀၀၀ခန့် ကျန်ရှိနေသော်လည်း တင်ပို့ရန်အချိန်မှာ တစ်လဝန်းကျင်သာရှိသဖြင့် အဆင်မပြေသည့်အတွက် ပြည်တွင်းပဲစင်းငုံဈေးမှာ တက်ရမည့်အစား ကျဆင်းခဲ့ကြောင်း ဈေးကွက်ဖော်ပြချက်များအရသိရသည်။ ပဲစင်းငုံတင်သွင်းရန်ကာလကို မတ်ပဲနည်းတူ အိန္ဒိယအစိုးရက ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးရန် မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တိုက်တွန်းတောင်းဆိုပေးစေလိုကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းလုပ်ငန်းရှင်များအသင်းကတင်ပြထားသည်။ အကယ်၍ သက်တမ်းတိုးပေးပါက မြန်မာတောင်သူများအနေနှင့် ပဲစင်းငုံစိုက်ပျိုးနိုင်သည့်အချိန်နှင့် အဆင်ပြေသည့်အပြင် အိန္ဒိယကိုလည်း ပဲစင်းငုံပိုမိုတင်ပို့ထားနိုင်မည်ဖြစ်သည်။ ပြည်တွင်းပဲစင်းငုံဈေးမှာ အိန္ဒိယထုတ်ပြန်ချက်မတိုင်မီက တစ်တန်လျှင် ကျပ် ၉၅၀၀၀၀ ကျော်ရှိနေရာမှ လိုင်စင်ထုတ်ပြန်ချက်ထွက်ရှိပြီးနောက် တစ်တန်လျှင် ကျပ် ၉၀၀၀၀၀ ဝန်းကျင်သို့ ကျဆင်းသွားခဲ့ကြောင်း ဈေးကွက်ဖော်ပြချက်များအရ သိရသည်။

ပဲစင်းငုံကို တစ်လတာအတွင်း အလျင်အမြန်တင်ပို့ရမည်ဖြစ်၍ အခက်အခဲရှိနေသည့် အခြေအနေမျိုးဖြစ်သည်။ မြန်မာနိုင်ငံသည် အိန္ဒိယကို အဓိက ပဲတင်ပို့နေသည့် နိုင်ငံဖြစ်သော်လည်း၂၀၁၇ နောက်ပိုင်း အိန္ဒိယမူဝါဒ အပြောင်းအလဲများကြောင့် မတ်ပဲ၊ ပဲစင်းငုံစိုက်ပျိုးမှုအစား အခြားသီးနှံစိုက်ပျိုးမှု မြင့်တက်လာနေသည်။ ယခင်က မတ်ပဲထွက်ရှိမှုမှာ တန်ချိန် ၇၀၀၀၀ခန့် ရှိရာမှ တစ်နှစ်လျှင် တန်ချိန် ၄၀၀၀၀ ကျော် ၊ ပဲစင်းငုံမှာ ယခင်က တန်ချိန် ၂၀၀၀၀ ကျော် ထွက်ရှိရာမှ လက်ရှိတွင် တစ်နှစ်လျှင် တန်ချိန် ၅၀၀၀၀ခန့်သာ ထွက်ရှိတော့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

**Source:** https://myanmar.mmtimes.com/news/145140.html

## ချင်းပြည်နယ်ရှိပထမဆုံးလေဆိပ်ဖြစ်သော ဆူရိဘုန်လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၊ အောက်တိုဘာနောက်ဆုံးပတ်တွင် စမ်းသပ်ပြေးဆွဲမည်



ချင်းပြည်နယ်ရှိ ပထမဆုံးလေဆိပ်ဖြစ်သော ဆူရိဘုန်လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်ကြားတွင် လေယာဉ်စတင်စမ်းသပ်ပြေးဆွဲမည်ဖြစ်ကြောင်း၊ လေယာဉ်ပုံမှန်ပြေးဆွဲရန် အတွက် COVID-19 ရောဂါအခြေအနေပေါ်မူတည်မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုက ဆင်ဟွာသို့ အောက်တိုဘာ ၁၆ ရက်တွင်ပြောသည်။ “ကျွန်တော်တို့ ၂၀၂၀ပြည့်နှစ် ဇွန်လထဲမှာ လေယာဉ်ပျံသန်းစစ်ဆေးမှုဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာလေယာဉ်မှူးကြီးတွေရဲ့ အကြံပြုချက်အတိုင်း လေယာဉ်တွေအန္တရာယ်ကင်းကင်းနဲ့ဆင်းသက်နိုင်ရေးအတွက် လိုအပ်တဲ့ဆောင်ရွက်မှုတွေကိုဆောင်ရွက်ခဲ့တာ အခုကရာနှုန်းပြည့်ပြီးစီးတဲ့အတွက် အခုအောက်တိုဘာလမှာ ထပ်မံစမ်းသပ်ပြေးဆွဲမှာဖြစ်ပါတယ်” ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။

ဆူရိဘုန်လေဆိပ်နှင့် ချင်းပြည်နယ်ရှိ မြို့များနှင့် အထင်ကရနေရာများ၏ အကွာအဝေးမှာ လုံပီးတောင်နှင့် ၄ မိုင်၊ ဖလမ်းမြို့နှင့် ၈ ဒသမ ၅ မိုင်၊ ဟားခါးမြို့နှင့် ၄၅ မိုင်၊ ရိဒ်ရေကန်နှင့် ၆၄ မိုင် ၂ ဖာလုံ၊ တီးတိန်မြို့နှင့် ၈၃ မိုင် ၅ ဖာလုံစသည်ဖြင့် အကွာအဝေးရှိကြောင်းသိရသည်။ “လေဆိပ်ဖွင့်ပွဲပြီးရင်တော့ ပုံမှန်ပြေးဆွဲမှာပါ။ လေဆိပ်ဖွင့်ပွဲလုပ်ဖို့က COVID-19 အခြေအနေပေါ် မူတည်ပါတယ်။ ဒီလေဆိပ်ကြောင့် ကျန်းမာရေးအတွက် အရေးပေါ်ကိစ္စတွေနဲ့ စီးပွားရေးကိစ္စတွေကတော့ အရမ်းအဆင်ပြေသွားမယ်။ ဒီလေဆိပ်ကိုတည်ဆောက်ချိန်က အချိန် ၅ နှစ်လောက်ယူခဲ့ရပါတယ်။ လေယာဉ်ပုံမှန်ပြေးဆွဲရင် လူ ၇၂ ယောက်လိုက်ပါနိုင်မယ့် ATR-72 လေယာဉ်တွေပြေးဆွဲနိုင်မှာဖြစ်ပါတယ်” ဟု ဦးရွှေထီးအိုကဆက်ပြောသည်။ လေယာဉ်ပြေးလမ်း အလျားပေ ၆၀၀၀၊ အကျယ်ပေ ၃၀၀၊ ပြေးလမ်းအမျိုးအစား Flexible Pavement ၊ ပြေးလမ်းအရှိန်သတ်စွန်း (Overrun) အလျားပေ ၂၀၀၊ အကျယ် ပေ ၁၀၀၊ လေယာဉ်ရပ်နားနေရာ အလျားပေ ၂၅၀၊ အကျယ်ပေ ၂၅၀၊ ပြေးလမ်း ခံနိုင်ရည်အား ပေါင် ၅၀၀၀၀ရှိပြီး ဆင်းသက်အသုံးပြုနိုင်မည့် လေယာဉ်များမှာ ATR 72 (MTOW-၄၉၆၀၄ ပေါင်) ဖြစ်ကြောင်း၊ စုစုပေါင်း ကုန်ကျငွေ ကျပ် ၃၇ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်းဆိုသည်။

**Source:** https://xinhuamyanmar.com/myanmar/science-technology/29983-2020-10-16-06-40-36

## ၂၀၂၀ ခုနှစ်အတွက် တရုတ်၏ထိပ်တန်းလုပ်ငန်း ၅၀၀ စာရင်း၌ ကွမ်ရှီးမှလုပ်ငန်း (၈)ခုပါဝင်နေ

တရုတ်နိုင်ငံ၏ထိပ်တန်းလုပ်ငန်း (၅၀၀)စာရင်းနှင့် ထိပ်တန်းစက်မှုကုန် ထုတ်လုပ်သူ (၅၀၀)စာရင်းတို့အား တရုတ်လုပ်ငန်း မဟာမိတ်နှင့် တရုတ်လုပ်ငန်းဒါရိုက်တာများအသင်းက မကြာသေးမီက ထုတ်ပြန်ခဲ့ပါသည်။ ၎င်းစာရင်းများအနက် တရုတ်၏ ထိပ်တန်းလုပ်ငန်း (၅၀၀) စာရင်းတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လုပ်ငန်း (၈)ခုတို့က စံချိန်တင်ပါဝင်ခဲ့သည်ကို တွေ့ရပါသည်။

၎င်းလုပ်ငန်း (၈)ခုတို့တွင် Guangxi Investment Group Co., Ltd. ၊ Guangxi Construction Engineering Group Co., Ltd. နှင့် Guangxi Liuzhou Iron and Steel Group Co., Ltd.တို့လည်း ပါဝင်နေကြပါသည်။ (၂၀၁၉)ခုနှစ်အတွင်း Guangxi Investment Group Co., Ltd.၏ ဝင်ငွေမှာ ယွမ်ငွေ (၁၈၀.၃၃)ဘီလီယံရှိခဲ့ကာ စာရင်းတွင် အဆင့် (၁၂၄)နေရာ၌ ပါဝင်နေပြီး၊ ယခင်နှစ်ကထက် (၁၀)ဆင့်တက်လာခြင်းဖြစ်ပါသည်။ (၂၀၁၉)ခုနှစ်အတွင်း Guangxi Construction Engineering Group Co., Ltd. ၏ ဝင်ငွေမှာ ယွမ်ငွေ (၁၁၃.၀၁၈)ဘီလီယံဖြစ်ကာ စာရင်း၌ အဆင့် (၁၈၅)နေရာတွင် ရပ်တည်နေပြီး၊ ယခင်နှစ်ကထက် (၅)ဆင့် တက်လာခြင်းဖြစ်ပါသည်။

**Source: Nanning Evening News** (၂၉-၉-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ဂျပန်နှင့်တောင်ကိုရီးယားအကြား စီးပွားရေးဆိုင်ရာ လေကြောင်းခရီးစဉ်များ ပြန်စရန်အလားအလာရှိ

ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံနှင့်နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာကိစ္စများနှင့် ခရီးသွားလာခွင့်ဆိုင်ရာကိစ္စရပ်များကို အစောဆုံးအနေဖြင့် အောက်တိုဘာလ ပထမသီတင်းပတ်တွင်စတင်ရန် သဘောတူရန်အလားအလာရှိနေပါကြောင်း သိရပါသည်။

ဂျပန်အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်ရန် ထုတ်ပြန်ထားသည့် ပြည်ဝင်ခွင့်ကန့်သတ်ချက်များကို တဖြည်းဖြည်း စတင်ဖြေလျှော့ ပေးနေပါသည်။ ဂျပန်နိုင်ငံသည် လက်ရှိတွင် ကာလလတ် နှင့် ကာလရှည် ဗီဇာရထားသည့် နိုင်ငံခြားသားအားလုံးကို ပြည်ဝင်ခွင့်ပြုပေးနေပါသည်။ ဗီယက်နမ်နှင့် ထိုင်ဝမ်နိုင်ငံတို့ နှင့်လည်း စီးပွားရေးအရ ဆက်ဆံသွားလာမှုများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရပါသည်။

ဂျပန်နိုင်ငံတွင် ကာလတို စီးပွားရေးဆိုင်ရာခရီးသွားလာခွင့်နှင့် နိုင်ငံခြားသားပညာရှင်များကို ကာလရှည် နေထိုင်ခွင့်ပြုသွားမည်ဖြစ်ပြီး စင်္ကာပူပြီးပါက တောင်ကိုရီးယားနိုင်ငံသည် ဒုတိယမြောက်နိုင်ငံဖြစ်လာမည်ဟုသိရပါသည်။ ယခုကဲ့သို့ တောင်ကိုရီးယားနှင့် ခရီးသွားလာမှုများ ပြန်လည်စတင်ခွင့်ပြုခြင်းသည် စစ်အတွင်းက အလုပ်သမားပြဿနာကြောင့် တင်းမာနေခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေရန် အထောက်အကူဖြစ်သွားမည်ဟု အာဏာရပါတီဝင် အချို့က ပြောကြားခဲ့ပါသည်။။

အလားတူ တရုတ်နိုင်ငံနှင့်လည်း ပြည်ဝင်ခွင့်ကန့်သတ်ချက်များ ယခုအောက်တိုဘာ လနှောင်းပိုင်းတွင် ဖြေလျှော့ဆောင်ရွက်ရန် တရုတ်နိုင်ငံနှင့်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေရာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## COVID-19 ကြောင့် ဈေးကွက်ကျဆင်းလျှက်ရှိရာ New World Development က ဟောင်ကောင်စီမံကိန်းကြီးအား မျှော်မှန်းဈေးအောက် နိမ့်ကျသည့်ဈေးနှုန်းဖြင့် စတင်မည်ဖြစ်ခြင်း

COVID-19 တတိယလှိုင်းကြောင့်ဟောင်ကောင်ဒေသ၌ဆယ်စုနှစ်တစ်ခုအတွင်း စီးပွားရေးကျဆင်းလျှက်ရှိကာ အိမ်ခြံမြေလုပ်ငန်းများအပေါ် သက်ရောက်လျှက်ရှိသောကြောင့် ဟောင်ကောင်အိမ်ခြံမြေလုပ်ငန်းကုမ္ပဏီ New World Development သည် ရှတင် (Sha Tin) ရှိ The Pavilia Farm စီမံကိန်းအား မျှော်မှန်းထားသည့်ဈေးထက် နိမ့်ကျသည့်ဈေးနှုန်းဖြင့် စတင်လုပ်ကိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းမှာ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် လုပ်ငန်းပြီးမြောက်မည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်က စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မတ်လတွင်လုပ်ငန်းပြီးမြောက်ခဲ့သည့် The Garrison စီမံကိန်းနှင့်

နိုင်းယှဉ်လျှင် ယခုဈေးနှုန်းမှာ (၁၆) ရာခိုင်နှုန်း ဈေးနှုန်းလျှော့ထားခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ဆောင်မှုများ ကျဆင်းခြင်းနှင့် အလုပ်လက်မဲ့နှုန်းများ မြင့်တက်လာမှုကြောင့် တိုက်ခန်းဈေးနှုန်းများ ကျဆင်းခြင်းဖြစ်ကြောင်း၊ COVID-19 တတိယလှိုင်းအတွင်း ဩဂုတ်လကုန်အထိ ဟောင်ကောင်ဒေသ၏ အလုပ်လက်မဲ့နှုန်းမှာ (၃)လအတွင်း (၆.၁)ရာခိုင်နှုန်း အောက် နိမ့်ကျသွားခြင်း မရှိကြောင်း၊ ကုမ္ပဏီများကလည်း ကုန်ကျစရိတ်များလျှော့ချခြင်းကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးလုပ်ငန်းများ၏ နေရာလွတ်များမှာ (၇.၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း ဟောင်ကောင်ရှိ ရုံးခန်းနေရာလွတ် (၇.၈) မီလီယံ စတုရန်းပေရှိခဲ့ရာ ၁၉၉၉ ခုနှစ်ကစတင်၍ အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ စတုတ္ထလေးလပတ် အတွင်း အလုပ်လက်မဲ့နှုန်း (၇) ရာခိုင်နှုန်း မြင့်တက်ရန် ခန့်မှန်းထားကြောင်း၊ ပညာရှင်များမှာလည်း ၎င်းတို့၏အလုပ်များဆုံးရှုံးမည်ကို စိုးရိမ်လျှက်ရှိကြောင်း၊ ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor က ဟောင်ကောင်ဒေသ၏ တိုက်ခန်းများ ပြတ်လပ်မှု မဖြစ်စေရန် တိုက်ခန်းများကို ဖြည့်စည်းပေးနိုင်ရန်အတွက် မူဝါဒပြောကြားခဲ့ခြင်းကြောင့် The Pavilia Farm စီမံကိန်း၏ ပထမအဆင့်ဈေးနှုန်းသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ခန်းအဟောင်းများ၏ ဈေးနှုန်းမှာလည်း ဆက်လက် ကျဆင်းလျှက်ရှိကြောင်း၊ ဩဂုတ်လအတွင်း (၁.၁) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ မေလက (၄.၁) ရာခိုင်နှုန်းကျဆင်းခဲ့ရာ အမြင့်ဆုံး ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ COVID-19 ဖြစ်ပွားနေမှုအား ဖြေရှင်းနိုင်ကြခြင်းမရှိသေးဘဲ စီးပွားရေးနှင့်ပတ်သက်၍လည်း စိုးရိမ်ပူပန်လျှက်ရှိကြောင်း၊ တိုက်ခန်းဈေးနှုန်း အရမ်းမြင့်မားလျှင် ရောင်းချရမည်မဟုတ်ကြောင်း၊ The Pavilia Farm စီမံကိန်းတွင် တိုက်ခန်းစုစုပေါင်း (၃၀၉၀) ခန်းပါဝင်မည်ဖြစ်ပြီး လုပ်ငန်းအဆင့်ပေါင်းများစွာဖြင့် ဆောက်လုပ်သွားမည် ဖြစ်ကြောင်း၊ ပထမအဆင့်တွင် တိုက်ခန်း(၇၈၃)ခန်း ဆောက်လုပ်မည်ဖြစ်ပြီး (၆၅၀,၀၀၀) စတုရန်းပေ ကျယ်ဝန်းသည့် ဈေးဝယ်စင်တာလည်း ပါဝင်မည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Sandy Li နှင့် Pearl Liu တို့က "New World Development launches mega Hong Kong project at lower-than-expected prices, as Covid-19, recession weigh on market" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## STOCK EXCHANGE (16.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 9,900 | 71 | 707,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 843 | 3,119,100 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 4 | 32,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 1 | 22,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,700 | 2,800 | 2,700 | 225 | 608,600 | 12,823,224 | 35,905 |
| EFR | 00006 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,100 | 9 | 27,900 | 19,977,223 | 61,929 |

## Market summary

As of 16th Oct. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 437.24 | +1.10 | +0.25% | 436.14 | 437.24 | 434.55 | 1,153 | 4,517,100 | 6 | 650,592 |

### Index chart




Activate W
Go to Settings

# Market Overview

As of 11:30 am, 16th Oct. 2020

| MYANPIX | 436.38 ▲ 0.24 |
|---|---|
| Total Volume (shares) | 422 |
| Total Value (MMK) | 1 mil |
| Listed Company | 6 |
| Market Cap. (MMK) | 649,310 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 3,100 | ▲ 50 |

Activate W
Go to Setting